ဆပ်သွားကျင်းကျေးရွာ

နမော်ကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆပ်သွားကျင်းကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

○

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ဆပ်သွားကျင်း ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ဆပ်သွားကျင်း ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၃
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၄
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၄
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၅
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၆
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၆
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၆
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၇

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၇
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၁၉
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၀
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၀
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၁
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၁
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၁
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်
ကျသော ချိတ်ဆက်မှုများ ၂၂
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၃
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၃
(ဂ) ဦးစားပေး စီမံချက်များ ၂၄
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၆
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၇
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၇
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၇
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၈
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၉
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၀
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၀

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၁
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၂
ရည်ညွှန်းချက်များ ၃၃
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ**
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဇရိယာ**
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ **ပြဿနာနှင့် အခက်အခဲများ**

ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား **၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**

ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ **အဖြစ်များသော** ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု

ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

ဇယား ၃၆ ရ**ေဝေကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

ဇယား ၄၀ ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၈

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ဆပ်သွားကျင်းကျေးရွာ

နမော်ကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ဆပ်သွားကျင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ဆပ်သွားကျင်းကျေးရွာအရင်းအမြစ်ပြမြေပုံ - ဆပ်သွားကျင်းကျေးရွာ၊ နမော်ကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ဝန်ဆိုင်ရာသည် နံနေ့ အုပ်စု အသီးသီး ကျင်း

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန် ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹		☺	☺	😐	☹				☺	☺		
									၁၅	၂၀	၁၅	၁၅
	☀	☀	🌧	🌧	🌧	🌧				🌩	🌩	
				ကောက်စိုက်	ကောက်စိုက်							
										🪣	🪣	🪣
	ကျွဲကား			ကွင်းပါ	ကွင်းပါ	ကျီး						ကျွဲကား
	ကောက်အပြစ်များ	ကောက်အပြစ်များ	ကောက်အပြစ်များ									
သီးနှံပိုးမွှားကောက်ကျွေးခြင်း						ပိုးမွှားကောက်ကျွေးခဲ့	ပိုးမွှားကောက်ကျွေးမှု					
	အမျှော်ဆုံးပ						အမျှော်ဆုံးပ					
သဘာဝ ဘေးအန္တရာယ်	ဘေးအန္တရာယ်ကျရောက်	ဘေးအန္တရာယ်ကျရောက်	ဘေးအန္တရာယ်ကျရောက်									ဘေးအန္တရာယ်ကျရောက်

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ဆပ်သွားကျင်းကျေးရွာသည် ဝန်းသိုမြို့၏ မြောက်အရပ် (၄)မိုင်ခန့်အကွာရှိတောင်ကုန်းမြင့်ပေါ်တွင်တည်ရှိပါသည်။တောင်ဘက်တွင်မှီချဉ်ကျေးရွာ၊ အရှေ့ဘက်တွင် ဝဲဖုံကျေးရွာ၊ မြောက်ဘက်တွင် ကျောင်းကုန်းကျေးရွာနှင့် အနောက်ဘက်တွင် တောင်ကုန်းတောင်တန်းများတည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်မှ ဒေါင်းမြူးချောင်းတည်ရှိလျှက်ရှိပါသည်။ တောင်ကုန်းတောင်းတန်းများထူထပ်များပြားလှပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ကျေးရွာပိုင်ဇရိယာအတွင်း ဓာတ်သတ္ထုနှင့်သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲနိုင်မှုတွင် ရွှေထွက်ရှိသော်လည်း လက်လမ်းမီမှုအနေဖြင့် လက်အင ပိုင်းများဖြင့်သာ ရှာဖွေနိုင်သည့်အတွက် အနည်းငယ်သာရရှိနိုင်ခြင်း၊ ယခင်ကျေးရွာပိုင်ဇရိယာအတွင်း ရှားပါးသဘာဝတိရိစ္ဆာန်မျိုးစိတ်များရှိသော်လည်း စနစ်တကျထိန်းသိမ်းမှုမရှိသောကြောင့် ယခုအခါသဘာဝတိရိစ္ဆာန်မျိုးစိတ်များပျောက်ကွယ်သွားခြင်း ကြွက်များပေါများလာခြင်းကြောင့် လယ်၊ တောင်ယာစပါးများဖျက်ဆီးခံရခြင်း၊ ဆေးခါးကြီး၊ ဖျောက် ဆိတ်၊ ငှ၊ ဖန်းခါး၊ တပင်တိုင်မြနန်း၊ ဝံအူ၊ ဆေးခါချင်၊ တောရှောက်အပင်များပေါများပြီး အလွယ်တကူရနိုင်သော်လည်း ဆေးဝါးထုတ်လုပ်ရောင်းချနိုင်ခြင်းမရှိပါ။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။။ အလုပ်လုပ်နိုင်သောလူဦးရေ(၁၁၅)ဦး၊ မှီခိုလူဦးရေ(၆၇)ဦးနှင့် တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ ၄.၇၉ဦးရှိကြောင်းလေ့လာတွေ့ရှိရသည်။ အလုပ်လုပ်နိုင် သောလူဦးရေ(၁၁၅)ဦးရှိသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ တစ်နှစ် အောက်ကလေးများသည် မိခင်နို့တစ်မျိုးတည်းသာအာဟာရရရှိ ကျန်းမာရေးကောင်းမွန်ခြင်း၊ ၁နှစ်မှ ၄နှစ်အထိကလေးငယ်များအတွက် ကလေးပျော်မူကြိုကျောင်းမရှိခြင်း၊ မူလတန်းကျောင်းနေအရွယ်ကလေးများ မူလတန်းပညာသင်ကြားခွင့်ရှိပြီး အလယ်တန်းအဆင့် ပညာသင်ကြားခွင့်ဆုံရှုံးကာ ကျောင်းနေအရွယ်ကလေးငယ်များပြင်ပသို့ရောက်ရှိသွားခြင်း၊ သက်ကြီးရွယ်အိုများသည် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဌာနနှင့်ဝေးကွာနေခြင်းတို့ကြောင့် ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများအလွန်နည်းပါးပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။

စီးပွါးရေးအခြေအနေနှင့်ဝင်ငွေ။ ။ ကျေးရွာတွင်အိမ်ထောင်စု(၂၃)စုမှာ လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျှက်ရှိပါသည်။ သို့သော်လည်း လယ်ယာ(၅)ဧကအောက်

တောင်သူငယ် များသာရှိပါသည်။ စိုက်ပျိုးရေးအပြင်မွေးမြူရေးလုပ်ငန်းကို အများဆုံး တွဲဘက်လုပ်ကိုင် လျှက်ရှိပြီး အခြားဝင်ငွေရလုပ်ငန်းများဖြစ်သော ပေါင်းရှင်းခြင်း၊ ရွှေကျင်ခြင်း၊ သစ်ထုတ် လုပ်ခြင်း၊ အမဲလိုက်ခြင်း၊ ပျားဖွတ်ခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်လျှက်ရှိသည့်အပြင် ခြင်းတောင်းယက်လုပ်ခြင်းလုပ်ငန်းကို အမျိုးသမီးများမှ လုပ်ကိုင်လျှက်ရှိပါသည်။ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းတွင် လုပ်ကိုင်နေကြသော နေ့ စားလုပ်အားခနှုန်းထားမှာ အမျိုးသား(၁)ဦး လျှင်၃၀၀၀/-ကျပ်မှ ၃၅၀၀/-ကျပ်အထိသာရရှိ ခြင်း၊ အမျိုးသမီးတစ်ဦးလျှင် ၂၅၀၀/-ကျပ်မှ ၃၀၀၀/-ကျပ်အထိသာရရှိခြင်းကြောင့် လုပ် အားခနှုန်းထားများနည်းပါး၍ မိသားစုဝင်ငွေလျော့နည်းခြင်း၊ လုပ်ခနှုန်းထားတိုးမြှင့်ရရှိရန် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလျှက်ရှိပါသည်။

ပိုင်ဆိုင်မှုနှင့်မမျှတမှု။ ။ ကျေးရွာ၏အိမ်ထောင်စု(၃၈)စုတွင် အလယ်အလတ်ရှိသော အိမ်ထောင်စု(၅)စုသာရှိနေခြင်း၊ မပြေလည်သောအိမ်ထောင်စု ၃၂စုနှင့် လုံးဝမပြေလည်သော အိမ်ထောင်စု (၁)စုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျေးရွာဝမ်းစာဖူလုံမှုအနေဖြင့် ရာသီဥတုပေါ်မူတည်ပြီး စပါး ထွက်ရှိမှုအပေါ်တွင်သာမူတည်ပါသည်။ အိမ်ထောင်စု(၈)စုမှာ ဝမ်းစာမဖူလုံပါက ခြင်း တောင်းယက်ခြင်း၊ ရွှေကျင်၊ ဝါးခုတ်စသည့်လုပ်ငန်းများအပြင် မီးသွေးဖုတ်ခြင်းလုပ်ငန်းကို ပွင့်လင်းရာသီတွင်လုပ်ကိုင်စားသောက်လျှက်ရှိပါသည်။

ထိခိုက်နစ်နာလွယ်မှု။ ။ ဆင်းရဲနွမ်းပါးသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စုတစ်စု နှင့်ဆင်းရဲနွမ်းပါးသည့်အမျိုးသားတစ်ခုလပ်အိမ်ထောင်စု နှစ်စုတို့ကိုအမှန်တကယ်လေ့လာ တွေ့ရှိရပါသည်။စားနပ်ရိက္ခာနှင့် သဘာဝအရင်းအမြစ်ရှားပါးမှုမြင့်မားခြင်း၊ ရေကြီးခြင်းကြောင့် လယ်ယာမြေများရေလွှမ်းမိုးမှုရှိခြင်း၊ စိုက်ပျိုးရေးအတွက်အဘာဝမိုးရေး ကိုသာစောင့်မျှော် စိုက်ပျိုးရခြင်း၊ အအေးလွန်ကဲခြင်းကြောင့် သီးနှံအထွက်လျော့ခြင်း၊ တောင်ကျ ချောင်းရေကြီး/လျှံခြင်းကြောင့် ကမ်းပါးများပြိုခြင်း၊ လယ်မြေများတိုက်စားခံရ ခြင်း၊ မြေဆီလွှာပျက်စီးမှု ဖြစ်ပေါ်မှုများခြင်း၊ တနိုင်တပိုင်လုပ်ငန်းများနှင့် စီးပွားရေးလုပ် ငန်းများကြောင့် သစ်တောများပြုန်းတီးခြင်း၊ ၄င်္ဂါးရောဂါဖြစ်ပွားမှုအနည်းငယ်ရှိခြင်း၊ ရက်ရွာမှ နယ်မြို့သို့လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကိုလေ့လာတွေ့ရှိရပါသည်။ကျေးရွာမှာဒေါင်းမြူးချောင်းနံဘေးတွင်ရှိသောကြောင့် ရေ တိုက်စားကမ်းပါးပြိုမှုအန္တရာယ်နှင့်နီးကပ်နေပါသည်။ မတော်တဆဖြစ်နိုင်မှုအနေဖြင့်လည်း မြို့နယ်နှင့် ရွာချင်းဆက်လမ်းသို့သွားသောလမ်းမှာ ချောင်းနံဘေးအားဆိုင်ကယ်စီးနိုင်မှု အ ဆင့်သာဖောက်ထားသဖြင့် ဆိုင်ကယ်စီးသူများအနေဖြင့် မတော်တဆဖြစ်နိုင်ခြေများပြားပါ သည်။ လက်လုပ်လက်စားလုပ်ကိုင်သူများအနေဖြင့်လည်း အမဲလိုက်ခြင်း၊ ဝါးခုတ်ခြင်းလုပ် ငန်းများလုပ်ကိုင်သူ (၃)ဦးရှိသဖြင့် ထိခိုက်သက်ရောက်မှုအနေဖြင့် အနည်းငယ်ရှိပါသည်။

(ဃ) ပညာရေး။ ။ ကျေးရွာတွင်အသက်(၇၀)အရွယ်အကြားအာရုံချို့ယွင်းသည့် စာမတတ်သူအမျိုးသမီးသမီး(၁)ဦးရှိနေသည်။ ကျေးရွာလူဦးရေအများစုမှာ မူလတန်းပညာ အဆင့်သာရှိကြသည်။ အလယ်တန်းပညာဆက်လက်သင်ယူရန်ချောင်းကူးတံတားမရှိခြင်း၊ အလယ်တန်းကျောင်းအဆင့် အုပ်စုတွင်း၌မရှိခြင်း၊ အလယ်တန်းပညာသင်ယူရန်နေထိုင်စား သောက်မှု ခက်ခဲခြင်း၊ အလယ်တန်းပညာဆက်လက်သင်ယူရန်အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ရန်လိုအပ်ခြင်း၊ အလယ်တန်းအဆင့်တိုးရန်ကျောင်းသားဦးရေနည်းခြင်း။ နှစ်စဉ် မူလတန်းအဆင့်ကျောင်းသားဦးရေပျမ်းမျှ(၂၀)ခန့်သာရှိခြင်း၊ အထက်တန်းပညာတတ် မြောက်သူလုံးဝမရှိခြင်း၊ ပညာဆက်လက်သင်ကြားရေးအတွက် အခက်အခဲနှင့်လိုအပ်ချက် များစွာရှိ ပါသည်။ ကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းတက်ရာခိုင်နှုန်း အပြည့်နီးပါးတက်ရောက်ပညာသင်ကြားနေခြင်း၊ အလယ်တန်းအ ဆင့်ကျောင်းတက်ရာခိုင်နှုန်းမှာ ပျမ်းမျှ(၇)%သာရှိခြင်း၊ အထက်တန်းအဆင့်ပညာသင်ကြား နေသူတစ်ဦးမျှမရှိပါ။

(င) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျေးရွာအတွင်းဝမ်းပျက်ဝမ်းလျှောဂ၊ ငှက်ဖျား၊ သွေးတိုး၊ ရာသီ ကြိုတုတ်ကွေး၊ အာဟာရချို့တဲ့မှု စသည့်ရောဂါများအဖြစ်များခြင်း၊ ရောဂါဖြစ်ပွားလျှင်ကျေး ရွာ၌ကျန်းမာရေးဝန်ထမ်းနှင့် ဆေးပေးခန်းမရှိခြင်း၊ အမျိုးသမီးများ မီးဖွားရန်အတွက် ကျန်း မာရေးဌာနနှင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် မိုးရာသီတွင် ကျန်းမာရေးဝန် ဆောင်မှုအခက်အခဲများနှင့် ရင်ဆိုင်နေရခြင်း၊ ဆေးပေးခန်းသို့ သွားရန်ချောင်းကူး တံတားမရှိ ခြင်းစသည့်အခက်အခဲများရှိပါသည်။ ကျေးရွာအတွက် အုပ်စုကျန်းမာရေးဌာနမှ မွေးစကလေးများ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး၊ အသက်(၂)လ၊ (၄)လနှင့် (၆)လအရွယ်များကို ပိုလီယိုအစက်ချဆေးတစ်ကြိမ်စီ၊ အသက်(၄)လတွင်ပိုလီယိုအစက်ချထိုးဆေး၊ အသက်(၉) လတွင်ဝက်သက်ကျိုက်သိုးကာကွယ်ဆေးထိုးခြင်း၊ အသက်(၁)နှစ်ခွဲတွင် ဝက်သက်ကာကွယ် ဆေးထိုးခြင်း၊ ကိုယ်ဝန်ဆောင်စဉ်နှင့်မီးဖွားပြီးကလေး အသက်အရွယ်အလိုက် ကျေးလက် ကျန်းမာရေးဌာန သို့သွားရောက်ထိုးနှံရခြင်း၊ မိုးရာသီတွင် ချောင်းကူးတံတားမရှိသဖြင့် ကျန်းမာရေးဆေးပေး ခန်းသို့သွားရန်နှင့် သားဖွားဆရာမလာရောက်ရန်အခက်အခဲဖြစ်ခြင်းကြောင်း ကျန်းမာရေး အတွက်ဒုက္ခရောက်ရေကျေးလက်ကျန်းမာရေးဌာန သို့သွားရောက်ထိုးနှံရခြင်း၊ မိုးရာသီ တွင် ချောင်းကူးတံတားမရှိသဖြင့် ကျန်းမာရေးဆေးပေး ခန်းသို့သွားရန်နှင့် သားဖွားဆရာမ လာရောက်ရန်အခက်အခဲဖြစ်ခြင်းကြောင်းကျန်းမာရေးအတွက်ဒုက္ခရောက်လျှက်ရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်နေကြသော နေ့ စားလုပ်အားခနှုန်းထားမှာ အမျိုးသား(၁)ဦးလျှင်၃၀၀၀/-ကျပ်မှ ၃၅၀၀/-ကျပ်အထိသာရရှိ ခြင်း၊

အမျိုးသမီးတစ်ဦးလျှင် ၂၅၀၀/-ကျပ်မှ ၃၀၀၀/-ကျပ်အထိသာရရှိခြင်းကြောင့် လုပ်အားခနှုန်းထားများနည်းပါး၍ မိသားစုဝင်ငွေလျော့နည်းခြင်း၊ လုပ်ခနှုန်းထားတိုးမြှင့်ရရှိရန် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလျက်ရှိပါသည်။ ကျေးရွာအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှုအနည်း ငယ်သာရှိပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင်လည်း အနည်းငယ်သာ ပါဝင်နိုင်ပါသည်။ ကျေးရွာလူဦးရေတွင် အမျိုးသားလူဦးရေထက်အမျိုးသမီးလူဦးရေနည်းခြင်း၊ အမျိုးသမီး များကျေးရွာတွင်ပိုမိုပါဝင်လုပ်ဆောင်လာနိုင်ရန် အခွင့်အလမ်းရရှိရန် လိုအပ်လျက် ရှိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ကျေးရွာတွင် သာရေး၊ နာရေး၊ ဘာသာရေးစသည့်လုပ်ငန်းများ ကို လုပ်ကိုင်ရန်အတွက် အိမ်ထောင်မပြုသေးသောလူငယ်များက လူငယ်ပရဟိတအဖွဲ့(အပျို /လူပျို)အဖွဲ့ဟူ၍ ဖွဲ့စည်းပြီး အရွယ်ရောက်သူအားလုံး ၎င်းအဖွဲ့သို့မဝင်မနေရစနစ်ကိုကျင့် သုံး ဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ်တွင် တရားဝင် မှတ်ပုံတင်ပြီး ဆောင်ရွက်ခြင်းမရှိပါ။ ရှေးအစဉ်အဆက်အတည်းက လက်ဆင့်ကမ်းလာခဲ့သော အဖွဲ့ဖြစ်ပါသည်။ ဆပ်သွားကျင်းကျေးရွာတွင် The UNICEF အဖွဲ့မှ လုပ်သား(၁) ဦးခန့်ထားပြီး ကျန်းမာရေးနှင့်ပတ်သက်သော တီဘီရောဂါရှာဖွေရေးလုပ်ငန်းတစ်ခုတည်းကို သာ လုပ်ကိုင်လျက် ရှိကြောင်းတွေ့ရှိရပါသည်။

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာအတွင်းရှိအိမ်ထောင်စုဝင်အများစုသည် လယ်လုပ်ငန်း တစ်မျိုးတည်းကိုသာလုပ်ကိုင်ခြင်းမရှိဘဲ တောင်ယာခုတ်ခြင်းဖြင့်လည်း ဝမ်းစာဖူလုံရေးအ တွက်အလုပ်လုပ်ကြပါသည်။ အဓိကအကြောင်းအရင်းမှာ တစ်ဧကစပါး အထွက်နှုန်းနည်း၍ လည်းကောင်း၊ ကျေးရွာပတ်ဝန်းကျင်တွင်မြေလွတ်မြေရိုင်းများရှိခြင်းကြောင့် ဖြစ်ပါသည်။ကျေးရွာရှိတောင်သူလယ်သမားများမှာ ချောင်းရေကိုအသုံးပြု ၍ စပါးစိုက်ပျိုးသူ (၅)ဦးရှိပြီး ဧကအားဖြင့်(၁၂)ဧကသာရှိပါသည်။ အခြားတောင်သူလယ်သ မားများမှာ စိမ့်စမ်းရေကိုသာအဓိကထားစိုက်ပျိုးရပါသည်။ မိုးဦးနောက်ကျသောနှစ်များတွင် စိုက်ပျိုးချိန်မှာ လည်းနောက်ကျပါသည်။ ကျေးရွာတွင်အဓိကစိုက်ပျိုးသီးနှံမှာ လယ်စပါးနှင့် တောင်ယာ စပါးဖြစ်ပြီး စုစုပေါင်းစိုက်ဧက ၄၆.၃၄ ဧကနှင့် ယာ(၃၄)ဧကရှိခြင်း၊ လယ်စပါးအထွက်နှုန်း မှာ တစ်ဧကလျှင်အနည်းဆုံး(၂၀)တင်းမှ အများဆုံး(၄၀)တင်းအထိရှိပြီး ဂွန်လတွင်စိုက် ပျိုး၍

နိုဝင်ဘာလတွင်ရိတ်သိမ်းခြင်း၊ စိုက်ပျိုးရေသွင်းအားစုလိုအပ်ချက်အနေဖြင့် မျိုးကောင်းမျိုးသန့်များမရရှိခြင်း၊ ဓာတ်မြေဩဇာများအလွယ်တကူမဝယ်ယူနိုင်ခြင်း၊ စိုက်ပျိုးရေးနည်းပညာပေးမှုမရှိခြင်း၊ ရွာ၏စိုက်ပျိုးသီးနှံအလိုက်အကျိုးအမြတ်ရရှိမှုမှာ စားသုံး ရန်အတွက် ပင်လုံလောက်မှုမရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။ စိုက်ပျိုးရေးသုံးစက်ကိရိယာများမရှိခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း တွင် စက်ကိရိယာငှားရမ်းအသုံးပြုနိုင်သူမရှိခြင်း၊ မြက်ရိတ်စက်များသာရှိခြင်း၊ ခိုင်းကျွဲများဖြင့်သာ စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်နေရခြင်း၊ စိုက်ပျိုးရေးသုံးစက်ကိရိယာများ မဝယ်ယူနိုင်ခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။သီးနှံထုတ်လုပ်မှုတိုးတက်ရန် လုပ်ဆောင်ရမည့် အချက်များမှာ (၁)စိုက်ပျိုးမြေတိုးချဲ့ရန်၊ (၂)ဒေသနှင့်ကိုက်ညီသောမျိုး ကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ (၃) ပိုးမွှားအန္တရာယ်ကင်းရှင်းရန်၊ (၄)စိုက်ပျိုးရေရရှိပြီးသီးထပ်စိုက်ပျိုးနိုင်ရန်၊ (၅)ခိုင်းကျွဲနွားလုပ်သားများပြည့်စုံရန်၊ (၆) စိုက်ပျိုးစရိတ်လုံလောက်မှုရှိရန်၊ (၇)ခေတ်မီလယ်ယာသုံး ပစ္စည်းများငှားရမ်းအသုံးပြုနိုင်ရန်၊ (၈)စိုက်ပျိုးရေးနည်းပညာအလွယ်တကူ ရရှိရန်၊ (၉)နှစ် ရှည်ခံသီးပင်များနှင့်အတူအခြားသီးနှံများ သီးညှပ်စိုက်ပျိုးနိုင်ရန်တို့ဖြစ်သည်။ အထက်ပါအ ချက်များကိုဖြည့်ဆည်းပေးနိုင်ပါက သီးနှံထုတ်လုပ်မှုအမှန်တကယ်တိုးတက်လာနိုင် ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအ တွက်ဒေသထွက်ကုန်ဖြစ်သည့် ခြင်းတောင်းယက်လုပ်ရောင်းချရန် ဈေးကွက်၊ ဈေးကွက်ဆိုင် ရာအသိအမြင်များ ဆက်သွယ်ရေးလမ်းကြောင်းများအသင့်အတင့်ဖြစ်လာနိုင်ခြင်း၊ ခြင်း တောင်းယက်လုပ်ငန်းတပိုင်တနိုင်မှ ဈေးကွက်တင်ပို့နိုင်ရန်တွင်ကျယ်စွာပြုလုပ်လာနိုင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ရန်အရင်း အနှီးချေးငွေများရရှိလာနိုင်ခြင်း၊ ခြင်းတောင်းယက်လုပ်ငန်းအ တွက်အသေးစား၊ အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများရရှိလာနိုင် ခြင်း၊ ခြင်းတောင်းယက်လုပ်ငန်းမှ အလယ်တန်းပညာဆက်လက်သင်ကြားခွင့်မရသောသူ များ အသက်မွေးဝမ်းကျောင်း ပညာတစ်ခုအဖြစ် ရပ်တည်လာနိုင်ကြောင်းကိုလေ့လာတွေ့ရှိရ ပါသည်။ စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ် သည့် ခြင်းတောင်းယက် လုပ်နည်းပညာ တတ်မြောက်သော်လည်း ရောင်းချရန်နှင့် ဈေးကွက် တင်ပို့ရောက်ရှိရန်လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အရင်းအနှီးကုန်ကြမ်းများလိုသ လောက်မရခြင်း၊ သစ်တောများပြုန်းတီးခြင်းကြောင့် ကုန်ကြမ်းရှားပါးခြင်း၊ ခြင်းတောင်း ယက်လုပ်ငန်းအတွက် စီးပွားရေးဖွံ့ဖြိုးရန် ဝန်ဆောင်မှုများမရရှိခြင်း၊ အလယ်တန်းပညာ ဆက်လက်သင်ကြားခွင့်မရှိသောသူများအားလုံး

လုပ်ကိုင်ရန်အခွင့်အလမ်းမရှိခြင်း၊ ထုတ် ကုန်ကိုဈေးကွက်တင်ပို့ရန် လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်း၊ ချောင်းကူးတံတားမရှိခြင်း အချက်များကို လေ့လာတွေ့ရှိရပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ ကျေးရွာတွင်ရွှေ့ပြောင်းလုပ်သားများမရှိပါ။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။အနီးဆုံးဈေးသည်(၇)မိုင်အကွာတွင်ရှိခြင်း၊ အနီး ဆုံးဈေးတွင် စိုက်ပျိုးသီးနှံထွက်ကုန်များရောင်းဝယ်နိုင်သော်လည်း ဈေးသို့သယ်ယူပို့ဆောင်မှု မပြုနိုင်ခြင်း ဈေးသို့အဓိကပို့ဆောင်ပေးသောလမ်းမှာ ဆိုင်ကယ်လမ်းဖြစ်သော်လည်း ဒေါနဲးမြူးချောင်း ကူးတံတားမရှိခြင်း၊ ဈေးသို့ဆိုင်ကယ်ဖြင့်သွားပါက အသွားအပြန်ကုန်ကျစရိတ်မှာ ၃၅၀/- ကျပ်ရှိခြင်း အခြားပို၍ကြီးသော ကောလင်းဈေးတွင် ရောင်းဝယ်မှုပြုနိုင်ခြင်း၊ ကောလင်း ဈေးတွင်ရောင်းချနိုင်ပါက ဝန်းသိုမြို့နယ်ဈေးထက်ပို၍ရနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါက စိုက်ပျိုးသီးနှံထွက်ကုန်များ ဈေးကောင်းမြင့်ရောင်းချနိုင်ခြင်း၊ ပို့ဆောင် ဆက်သွယ်ရေးလမ်းကြောင်းအခက်အခဲကြောင့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို တနိုင်တပိုင် စားသောက်ရုံသာ စိုက်ပျိုးနေရခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။ ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးကိုဖော်တော်ဆိုင်ကယ်ဖြင့်သာ အနည်းငယ်အသုံးပြုခြင်း၊ ဝန်းသိုမြို့သို့(၇)မိုင်ခန့် ခရီးကွာဝေးခြင်း၊ ယာဉ်ငှားရမ်းအသုံးပြု ပါကမော်တော်ဆိုင်ကယ်တစ်စီးခေါ်ယူလျှင် ၅၀၀/- ကျပ်ပေးရခြင်း၊ ဒေါင်းမြူးချောင်းကူး တံတားမရှိသဖြင့် မိုးတွင်းအခါရေနည်းချိန်စောင့်ဆိုင်း၍ မော်တော်ဆိုင်ကယ်ကိုလူ(၄)ဦး ထမ်းသယ်ယူကူးရခြင်း၊ ချောင်းကူးတံတားမရှိခြင်း၊ မြေနီမြေစေးမြေသားလမ်းဖြစ်သဖြင့် မော်တော်ဆိုင်ကယ်မောင်းနှင်ရန်သင့်တော်ချိန်ကို စောင့်ဆိုင်း၍ သွားလာရခြင်း၊ ပွင့်လင်းရာ သီချိန်မဟုတ်ပါက မောတော်ဆိုင်ကယ်ဖြင့် ပင်သွားလာရန်ခက်ခဲသောကြောင့် ကျွဲလှည်းဖြင့် သွားလာရကြောင်းလေ့လာတွေ့ရှိရပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်နှင့် သမဝါယမအသင်းများမှ အပေါင်ခံပစ္စည်းမလိုအပ်ဘဲရရှိနိုင်သည်။ လယ်ယာစိုက်ပျိုးရေး ဘဏ်မှချေးငွေများကို စိုက် ပျိုးရေးစရိတ်အတွက် လုံလောက်စွာမရခြင်း၊ ချေးငွေယူပြီး တစ်ကြိမ်အတိုးပြား(၈၀)နှင့် အရင်းပြန်လည်ပေးဆပ်ရခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူအားလုံးချေးငွေ မရခြင်း၊ ပုံစံ(၇)တင်ပြနိုင်မှသာ ချေးငွေရရှိခြင်း၊ လယ်မြေရှိသော် လည်းပုံစံ(၇)ပြုလုပ်၍မရ ခြင်း၊ သမဝါယမချေးငွေအသင်းမှ အတိုးတစ်ကျပ်ခွဲနှုန်းဖြင့် (၆)လတစ်ကြိမ် အတိုး၊ အရင်း ပြန်လည်ပေးဆပ်ရခြင်း၊ လုံလောက်စွာမရခြင်း၊ အတိုးအရင်းပေးဆပ်ရသောအချိန်တို တောင်းနေခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ မပြီးဆုံးခင် ပေးဆပ်ရခြင်းအတွက် အခက်အခဲဖြစ် ခြင်း စသောငွေကြေးဆိုင်ရာအခက်အခဲများကို လေ့လာတွေ့ရှိရပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျေးရွာပိုင်ဇရိယာအတွင်း ခေတ်သတ္ထုနှင့်သဘာဝအရင်းအ မြစ်များ ထုတ်ယူသုံးစွဲနိုင်မှုတွင် ရွှေထွက်ရှိသော်လည်း လက်လမ်းမီမှု အနေဖြင့် လက်အင် ဝိုင်းများဖြင့်သာ ရှာဖွေနိုင်သည့်အတွက် အနည်းငယ်သာ ရရှိနိုင်ခြင်း၊ ယခင်ကျေးရွာပိုင်ဇရိ ယာအတွင်း ရှားပါးသဘာဝတိရိစ္ဆာန်မျိုးစိတ်များရှိသော်လည်း စနစ်တကျထိန်းသိမ်းမှုမရှိ သောကြောင့် ယခုအခါသဘာဝတိရိစ္ဆာန်မျိုးစိတ်များ ပျောက်ကွယ် သွားခြင်း ကြွက်များပေါ များလာခြင်းကြောင့် လယ်၊ တောင်ယာစပါးများ ဖျက်ဆီးခံရခြင်း၊ ဆေးခါးကြီး၊ ဖျောက် ဆိတ်၊ ငှ၊ ဖန်းခါး၊ တပင်တိုင်မြနန်း၊ ဝံအူ၊ ဆေးခါချင်၊ တောရှောက် အပင်များပေါများပြီး အလွယ်တကူရနိုင်သော်လည်း ဆေးဝါးထုတ်လုပ် ရောင်းချနိုင်ခြင်းမရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။ စားနပ်ရိက္ခာနှင့် သဘာဝအရင်းအမြစ်ရှားပါးမှုမြင့်မားခြင်း၊ ရေကြီးခြင်းကြောင့် လယ်ယာမြေများရေလွှမ်းမိုးမှုရှိခြင်း၊ စိုက်ပျိုးရေးအတွက်အဘာဝမိုးရေး ကိုသာစောင့်မျှော်စိုက်ပျိုးရခြင်း၊ အအေးလွန်ကဲခြင်းကြောင့် သီးနှံအထွက်လျော့ခြင်း၊ တောင်ကျချောင်းရေကြီး/လျှံခြင်းကြောင့် ကမ်းပါးများပြိုခြင်း၊ လယ်မြေများတိုက်စားခံရ ခြင်း၊ မြေဆီလွှာပျက်စီးမှု ဖြစ်ပေါ်မှုများခြင်း၊ တနိုင်တပိုင်လုပ်ငန်းများနှင့် စီးပွားရေးလုပ် ငန်းများကြောင့် သစ်တောများပြုန်းတီးခြင်း၊ ငှက်ဖျားရောဂါဖြစ်ပွားမှုအနည်းငယ်ရှိခြင်း၊ ရက်ရွာမှ နယ်မြို့သို့ လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကိုလေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာအ ကြောင်းအရာကိစ္စရပ်များအနေဖြင့် စိမ့်စမ်းရေကို သောက်သုံးရေ အဖြစ်အသုံးပြုကြခြင်း၊ စိမ့် စမ်းရေရနိုင်ရန်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ စိမ့်စမ်းရေထွက်သစ်တော ဇရိယာ(၂၀)ဧကခန့်ကို သစ်ဝါးများခုတ်ယူသုံးစွဲခြင်းမပြုရန် ကာကွယ်ထိန်းသိမ်းထားရှိခြင်း၊ သစ်တောများထိန်း သိမ်းသဖြင့်မြေဆီလွှာပျက်စီးခြင်းနည်းပါးပြီး သဘာဝအပင်မျိုးစိတ်များ ထိခိုက်မှုလျော့ နည်းခြင်း၊ သစ်တောများရှိနေခြင်းကြောင့် ဖျက်ပိုးနှင့် သဘာဝတိရိစ္ဆာန်များကို ထိန်းသိမ်း ထားနိုင်ခြင်း၊ ငါးမျိုးစိတ်များရှားပါးမှုလျော့နည်းစေရန် ငါးမဖမ်းရနယ်မြေများကန့်သတ် ထားရှိခြင်း၊ စွန့်ပစ်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန်စွန့်ပစ်နေရာ သတ်မှတ်ထားရှိခြင်းများကို လေ့လာတွေ့ရှိရပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ကျေးရွာ၏ ပညာရေးအခြေ အနေ တိုးတက်ရန်ပညာရေးစိတ်ဝင် စားမှုရှိသော ကျေးရွာ၊ လူထု၊ မိဘ၊ ဆရာအခန်း ကဏ္ဍပူးပေါင်းဆောင်ရွက်ရန်၊ ကျောင်းအ ဆောက်အဦးကောင်းမွန်ရန်၊ သန့်စင်ခန်းနှင့် သောက်သုံးရေကောင်းမွန်ရန်၊ ဆရာပညာရေး ဝန်ထမ်းများပြည့်စုံရန်၊ သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းဖန်တီးပေးရန်၊ ကျောင်းသုံးစာ အုပ်နှင့် စာရေးကိရိယာများပြည့်စုံရန်၊ ဆင်းရဲနွမ်းပါးသောကျောင်းနေအရွယ်ကလေးများ အခမဲ့ပညာ သင်ကြားခွင့်ပြုရန်၊ ကျောင်းနေ

အရွယ်ကလေးအားလုံးကျောင်းနေနိုင်ရန်၊ ကျောင်းထွက်နှုန်း လျော့ကျရန်၊ မူလတန်းပညာပြီးဆုံးပြီး၊ အလယ်တန်းနှင့်အထက်တန်း ပညာသင်ယူ နိုင်ရန်ပြုလုပ်သင့်ပါသည်။

ကျေးရွာတွင်မူလတန်းပညာပြီးစီးအောင် အားလုံးနီးပါးသင်ယူ ခြင်းရှိသော်လည်း အလယ်တန်းပညာသင်ယူရန် အလယ်တန်းကျောင်း၌လက်လှမ်းမမီခြင်း နေ့စဉ်ကျောင်းတက်ရန် (၇)မိုင်ခန့်သာဝေးသော်လည်း ချောင်းကူးတံတားမရှိသဖြင့် ပညာ ဆက်လက်သင်ယူရန်ခက်ခဲခြင်း၊ မသန်စွမ်းသူကလေးငယ်များအတွက်ပညာရေးအထူးအစီ အစဉ်မရှိခြင်း၊ မိဘဆရာအသင်းကဏ္ဍတွင် မိဘများပညာရေးစိတ်ဝင်စားမှုနည်းပါးခြင်း၊ ပညာရေးထက်ဝမ်းစာရေးကိုသာ အဓိကထားနေရခြင်း ဖြစ်ပါသည်။

ကျေးရွာအတွင်းဝမ်းပျက်ဝမ်းလျှောဂ်၊ ငှက်ဖျား၊ သွေးတိုး၊ ရာသီ ကြိုတုတ်ကွေး၊ အာဟာရချို့တဲ့မှု စသည့်ရောဂါများအဖြစ်များခြင်း၊ ရောဂါဖြစ်ပွားလျှင်ကျေး ရွာ၌ကျန်းမာ ရေးဝန်ထမ်းနှင့် ဆေးပေးခန်းမရှိခြင်း၊ အမျိုးသမီးများမီးဖွားရန်အတွက် ကျန်း မာရေးဌာနနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် မိုးရာသီတွင်ကျန်းမာရေးဝန် ဆောင်မှုအခက် အခဲများနှင့် ရင်ဆိုင်နေရခြင်း၊ ဆေးပေးခန်းသို့သွားရန်ချောင်းကူးတံတားမရှိ ခြင်းစသည့်အခက် အခဲများရှိပါသည်။

ကျေးရွာအတွက် အုပ်စုကျန်းမာရေးဌာနမှ မွေးစကလေးများ အသည်းရောင် အသားဝါ(ဘီ)ကာကွယ်ဆေး၊ အသက်(၂)လ၊ (၄)လနှင့် (၆)လအရွယ်များကို ပိုလီယို အစက်ချဆေးတစ်ကြိမ်စီ၊ အသက်(၄)လတွင်ပိုလီယိုအစက်ချထိုးဆေး၊ အသက်(၉) လတွင် ဝက်သက်ကျိုက်သိုးကာကွယ်ဆေးထိုးခြင်း၊ အသက်(၁)နှစ်ခွဲတွင် ဝက်သက်ကာကွယ် ဆေးထိုးခြင်း၊ ကိုယ်ဝန်ဆောင်စဉ်နှင့်မီးဖွားပြီးကလေး အသက်အရွယ်အလိုက်ကျေးလက် ကျန်းမာရေးဌာန သို့သွားရောက်ထိုးနှံရခြင်း၊ မိုးရာသီတွင် ချောင်းကူးတံတားမရှိသဖြင့် ကျန်းမာရေးဆေးပေး ခန်းသို့သွားရန်နှင့် သားဖွားဆရာမလာရောက်ရန်အခက်အခဲဖြစ်ခြင်းကြောင်း ကျန်းမာရေး အတွက်ဒုက္ခရောက်ရကျေးလက်ကျန်းမာရေးဌာန သို့သွားရောက်ထိုးနှံရခြင်း၊ မိုးရာသီ တွင် ချောင်းကူးတံတားမရှိသဖြင့် ကျန်းမာရေးဆေးပေး ခန်းသို့သွားရန်နှင့် သားဖွားဆရာမ လာရောက်ရန်အခက်အခဲဖြစ်ခြင်းကြောင်းကျန်းမာရေးအတွက်ဒုက္ခရောက်ကြရပါသည်။

ကျေးရွာအတွင်းလမ်းအခက်အခဲကြောင့် ကျန်းမာရေးဝန် ဆောင်မှုများရရှိသင့်သလောက် မရရှိပါ။ ကျေးလက်ကျန်းမာရေးဌာနနှင့် (၅)မိုင်ခန့်ဝေးကွာ ခြင်း၊ မြို့နယ်ဆေးရုံနှင့် (၇)မိုင်ခန့် ဝေးကွာခြင်း၊ ရွာတွင်းနှင့်ရွာအနီးနားတွင် ဆေးဝါးရောင်း ချသောဆေးဆိုင်မရှိခြင်း ဝန်းသို့မြို့သို့လွယ်ကူစွာသွားရောက်ရန် ချောင်းကူးတံတားမရှိခြင်း စသောအခက်အခဲများရှိပါသည်။

ကျေးရွာရှိအိမ်ခြေ(၃၈)အိမ်လုံး အဝတ်လျှော်၊ ရေချိုး(သုံးရေ) ကိုဒေါင်းမြူးချောင်း ရေကိုသုံးစွဲနေရခြင်း၊ သောက်ရေအတွက်စိမ့်စမ်းရေကိုအသုံးပြုခြင်း၊ နွေရာသီတွင်စိမ့်စမ်းရေးနှင့် ချောင်းရေမရရှိခြင်း၊ သဲလက်ယက်တွင်းများဖြင့်သာသုံးစွဲရ ခြင်း၊ အမျိုးသမီးများ အဝတ်လျှော်ချက်ပြုတ်ရန် ရေရှားပါးခြင်း၊ ရေရှားပါးသဖြင့် ကျေးရွာ အတွက် မီးဘေး အန္တရာယ်စိုးရိမ်ရခြင်း၊ ကျွဲနွှဲ့ အိမ်မွေးတိရိစ္ဆာန်များအတွက် ရေလုံလောက် မှုမရှိခြင်း၊ နွေရာသီတွင်ရေရှားပါးသောအခက်အခဲများရှိပါသည်။

အိမ်ထောင်စု(၃၈)စုလုံးကျေးရွာတွင် ရေလောင်းယင်လုံအိမ် သာများသုံးစွဲခြင်း၊ ရေလောင်းအိမ်သာစနစ်တကျမသုံးတတ်ခြင်း၊ အလေ့အထဖြစ်အောင် ကျောင်းနေအရွယ် ကလေးများအား လက်ဆေးခြင်းအလေ့အထ၊ သန့်စင်ခန်းသုံးစွဲပုံအလေ့ အထများ ကျန်းမာရေး ဟောပြေပွဲများပြုလုပ်ခြင်းကြောင့် သံကောင်၊ တုတ်ကောင်ရောဂါ ကင်းဝေးကြောင်း လေ့လာတွေ့ရှိရပါသည်။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျေးရွာတွင်းလမ်းမကြီးတစ်ခုသာအသုံးပြုနိုင်ပါသည်။ မြေမ ညီညာခြင်း၊ မြေနှိုင့်စေးများဖြစ်ခြင်းကြောင့် မိုးတွင်းအခါတွင်သွားလာရေးခက်ခဲခြင်း၊ ကွင်း လမ်း၊ လမ်းသွယ်မရှိခြင်း၊ ရွာချင်းဆက်လက်များဖြစ်သည့် မှိုချဉ်၊ ဝဲဖုံ၊ လက်ပံကျင်းသို့ မြေနှိုင့်စေးလူသွားလမ်းသာဖြစ်ခြင်း၊ ကျေးရွာမှ ဝန်းသိုမြို့သို့သွားရန် ဒေါင်းမြူချောင်းဖြတ် ကူးတံတားမရှိခြင်း၊ ရွာချင်းဆက်လမ်းများသည် ပွင့်လင်းရာသီတွင်သာ တွင်ကျယ်စွာအ သုံးပြုနိုင်ခြင်း၊ မိုးရာသီတွင်သွားလာရန်အန္တရာယ်ရှိနေပါသည်။

ကျေးရွာမှ ဝန်းသိုမြို့သို့ဆက်သွယ်ရေးလမ်းမပေါ်ရှိ ဒေါင်းမြူး ချောင်း၊ ကျွန်းပင်ကူးဆိပ်တွင် လက်ရှိတံတားအမျိုးအစားမှာ တုံးတံတား အလျား၁၀၀'ခန့် နှင့်အနံ၄'ခန့်၊ ဝါးပတ်ခွေတိုင်ဖြင့် ပွင့်လင်းရာသီ တန်ဆောင်မုန်းလမှ ကဆုန်လအထိချောင်း ရေနက်ပိုင်းတွင်သာ ယာယီတံတား ဆပ်ဆင်အသုံးပြုနေရခြင်း၊ အမှန်တကယ်ကျွန်းပင် ကူးဆိပ်ချောင်းရေပြင်အကျယ်မှာ ပေ၃၀၀ကျော်ခန့်ရှိခြင်း၊ တောင်ကျချောင်းဖြစ်သဖြင့် ရေ နည်းချိန်တွင် သာတပ်ဆင် အသုံးပြုနေရခြင်း၊ နယုန်လမှတန်ဆောင်မုန်းလ လယ်ပိုင်းတွင် ချောင်းကူးတံတားမရှိသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများ တွင် နောက်ကျကျန်နေခြင်း ချောင်းရေအောက်ကြမ်းခင်းညီညာမှုမရှိခြင်း၊ ကျောက်တုံး၊ ကျောက်ခဲများကြောင့်ရေစီးကြမ်းသဖြင့် လှော်၊ ဝါးဖောင်တို့ဖြင့်ကူး၍မရခြင်း၊ စသည့်လမ်း ပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲများရှိပါသည်။

ကျေးရွာတွင်အိမ်ထောင်စု(၃၈)စုရှိရာ အားလုံးလျှပ်စစ်မီးစနစ် မရှိခြင်း၊ ဆိုလာစနစ်သုံးစွဲရာတွင် မိုးတွင်းအခါ၌အခက်အခဲရှိခြင်း၊ ဆိုလာစနစ်အတွက် ဘက္ထရီ၊ အက်ဆစ်နှင့် အခြားဆက်စပ်ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းရခြင်း၊ နိုင်ငံတော်အစိုး ရမှ ထောက်ပံ့ပေးသော ဆိုလာစနစ်မဟုတ်ခြင်း၊ အလျား ၂'၊ အနံ ၁'အရွယ်အစားရှိသော ဆိုလာပြားငယ်များကိုသာ သုံးစွဲနိုင်သဖြင့် မီးအားလုံလောက်မှုမရှိခြင်း၊ ကလေးများပညာ ရေးအတွက် မီးစနစ်အခက် အခဲရှိခြင်းတို့ကိုလေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင်ဆက်သွယ်ရေးစနစ်အတွက် လက်ကိုင်ဖုန်းများ တွင်ကျယ်စွာအသုံးမပြုနိုင်ခြင်း၊ ဆယ်သွယ်ရေးတာဝါတိုင်များနှင့် ဝေးကွာခြင်း၊ စိုက်ပျိုး ရေးလုပ်ကိုင်သောရွာဖြစ်သခြင့် မိုးလေဝသ-သတင်းရရှိရန် ဂြိုတုစလောင်းအသုံးပြုရာတွင် လျှပ်စစ်ဓာတ်အားအခက်အခဲရှိခြင်း၊ အိမ်ထောင်စု အားလုံးဆက်သွယ်ရေးကိရိယာဖြစ်သည့် ဖုန်းနှင့် တီဗွီဂြိုတုစလောင်းမရှိခြင်းတို့ကြောင့် သတင်းနှင့် နည်းပညာများအချိန်နှင့် တပြေး ညီသိရှိခွင့်မရခြင်းများကို လေ့လာတွေ့ရှိရပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ လူငယ်များအပန်းဖြေရန်နေရာ ပျော်ပွဲရွင်ပွဲများမရှိခြင်း၊ ကျေး ရွာလူမှုရေးလုပ်ငန်းများတွင် လူငယ်များပါဝင်မှုအားကောင်းခြင်း၊ ဘာသာရေးလုပ်ငန်းများ တွင် လူငယ်များပါဝင်မှုအသင့်အတင့်သာရှိခြင်း၊ အားကစားနှင့်ကာယလုပ်ငန်းများပြုလုပ် ရန်၊ အားကစားကွင်းနှင့် အားကစားပစ္စည်းများမရှိခြင်း၊ လူငယ်များဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် ပါဝင်မှုအားကောင်းခြင်း၊ လူငယ်များရိုးရာဓလေ့နှင့် ယဉ်ကျေးမှုစောင့်ရှောက်ခြင်းတွင် အားနည်းခြင်း၊ လူငယ်များအတွက် ကိုယ်ပိုင်လေ့လာသင်ယူနိုင်မည့်နေရာမရှိခြင်း၊ လူငယ် အပန်းဖြေရိပ်သာမရှိခြင်းတို့ကိုလေ့လာတွေ့ရှိရပါသည်။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။။။ ကျေးရွာတွင် သတင်းနှင့် နည်းပညာပြန်ကြားရေး၊ ပြည်သူ့ ဆက်ဆံရေးသတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြုအဆောက်အဦး များရှိခြင်း၊ ကျေးရွာတွင်ရရှိနိုင်သော အာမခံအမျိုးအစားမရှိခြင်း၊ ကျေးရွာလူထုအခြေပြု သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်အနေဖြင့် သစ်တောမခုတ်ရ၊ တောမီးမရှို့ရဥပ ဒေများသတ်မှတ်ပေးထားခြင်းများကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာအတွင်းလက်ရှိအခြေအနေအမှုအခင်းအမျိုးအစားတစ် စုံတရာမျှမရှိပါ။ သာမန်မှုခင်းအမျိုး အစားပင်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့် အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် လုပ်အားများရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် ရန် အဟန့်အတားများမှာ ကျေးရွာမှ ငွေကြေးမတတ်နိုင်ခြင်း ၊ သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်မှုအားနည်းခြင်း ၊ ချိတ်ဆက်ဆောင်ရွက်ရမည့် နည်းလမ်း များမသိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) လမ်းများပိုမိုကောင်းမွန်လာရမည်။

က၊၂) ကျေးရွာသူ/ကျေးရွာသားများဗဟုသတရရှိရေးကိုအလေးထားဆောင်ရွက်မည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာတွင်းလမ်းများ ပိုမိုကောင်းမွန်လာစေရန် ကျေးရွာမှ လုပ်အားထည့်ဝင်ခြင်း၊ ငွေကြေးအတွက် သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၂) ကျေးရွာတွင် ကျေးရွာသူ/ကျေးရွာသားများအသိပညာဗဟုသတများတိုးပွားလာစေရေးအတွက် ကျေးရွာစာကြည့်တိုက်ကိုတည်ဆောက်သွားမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံအဆောက်အဦ	၁။ မြေသားလမ်းပြုပြင်ခြင်း		၁		
	၂။ ဒေါင်းမြူးချောင်းကူးတံတားတည်ဆောက်ခြင်း		၂		
၂။ပညာရေး	၁။ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ခြင်း		၃		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	မြေသားလမ်းပြုပြင်ခြင်း	၁					✓
၂	ဒေါင်းမြူးချောင်းကူးတံတားတည်ဆောက်ခြင်း	၂					✓
၃	ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ခြင်း	၃					✓

(ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	မြေသားလမ်းပြုပြင်ခြင်း			✓		
၂	ဒေါင်းမြူးချောင်းကူးတံတားတည်ဆောက်ခြင်း			✓		
၃	ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
